# Lower Burma Town and Village Land Act

## ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ

**မောင်မောင်ညွန့်**

**24-Aug-14**

မှတ်ချက်။ ။ မည်သူမဆို ကူးယူခြင်း၊ အခမဲ့ပြန်လည်ဖြန့်ဝေခြင်း၊ ထပ်ဆင့်မျှဝေခြင်းများကို လွတ်လပ်စွာ ဆောင်ရွက် ပိုင်ခွင့်ရှိပါသည်။ သို့ရာတွင် အခကြေးငွေဖြင့် ပြန်လည်ရောင်းချခြင်းကိုမူ လုံးဝ ခွင့်မပြုပါ။

# THE LOWER BURMA TOWN AND VILLAGE LANDS ACT

Burma Act IV, 1898

# အောက်မြန်မာနိုင်ငံ မြို့ နှင့် ကျေးရွာ မြေများ အက်ဥပဒေ

၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄

## CHAPTER I

## PRELIMINARY

## အခန်း(၁)

## ပဏာမ

1. This Act extends to Lower Burma and the Thayetmyo District of Upper Burma.

၁။ ဤအက်ဥပဒေသည် မြန်မာပြည်အောက်ပိုင်း နှင့် အထက်မြန်မာပြည်မှသရက်ခရိုင်တို့သို့ အာဏာသက်ရောက် စေသည်။

2. The provisions of this Act shall apply only to land in towns and villages.

၂။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် မြို့ နှင့် ကျေးရွာ ရှိမြေများနှင့်သာ သက်ဆိုင်စေရမည်။

3. (1) Nothing in Chapter II shall apply to the following lands, namely:-

၃။ (၁) ဤအက်ဥပဒေ အခန်း(၂)ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါမြေများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(a) the soil of any river, canal, tank, drain, embankment, public road or natural watercourse;

(က)မြစ်၊တူးမြောင်း၊ရေကန်၊ရေမြောင်း၊တာ၊တမံ၊အများပြည်သူသွားလာသောလမ်း သို့မဟုတ် သဘာဝရေစီး ရေလာ ရေအရင်းအမြစ်များ တည်ရှိရာမြေများ

(b) land included in any cantonment;

(ခ) တပ်မြို့တစ်စုံတစ်ရာတွင် ပါဝင်သောမြေများ

(c) land occupied on the 9th September, 1899, for the purposes of any monastery, pagoda or other sacred building, and continuing to be used for the purposes of such monastery, pagoda or building;

(ဂ) ၁၈၉၉ ခုနှစ်၊စက်တင်ဘာလ ၉ ရက်နေ့တွင်တည်ရှိသော ဘုန်းကြီးကျောင်းများ၊ စေတီပုထိုး သို့မဟုတ် ဘာသာရေးအဆောက်အအုံများ တည်ရှိရာမြေ နှင့် ဘုန်းကြီးကျောင်း၊စေတီပုထိုး သို့မဟုတ် ဘာသာရေး အဆောက်အအုံတို့အတွက် ဆက်လက်အသုံးပြုနေသော မြေများ

*(ဤအက်ဥပဒေ စတင်အာဏာသက်ရောက်သောနေ့ ၉-၉-၁၈၉၉)*

(d) land included in any fisheries as defined in the Fisheries Act.

(ဃ) အင်းဆိုင်အက်ဥပဒေတွင် အကျုံးဝင်သော အင်းဆိုင်များတည်ရှိရာမြေများ

(2) When the boundaries of any land exempt under this section from the operation of Chapter II need definition, and no other mode of defining them is provided by law, they shall be defin -ed by the Revenue Officer.

(၂) ဤအက်ဥပဒေ အခန်း(၂)ပါ ပြဋ္ဌာန်းချက်များ အာဏာသက်ရောက်မှုမှ ယခုပုဒ်မအရ ကင်းလွတ်စေသည့်မြေ တစ်စုံတစ်ရာ၏နယ်နိမိတ်များကို သတ်မှတ်ပိုင်းခြားရန်လိုအပ်ပြီး၊ ယင်းနယ်နိမိတ်များကို သတ်မှတ်ပိုင်းခြား

ရန် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားနည်းလမ်းတစ်စုံတစ်ရာ မရှိသည့်အခါတွင် ယင်းနယ်နိမိတ်များကို အခွန်တော်အရာရှိက သတ်မှတ်ပိုင်းခြားရမည်။

(3) If before they are defined any question arises as to whether any land is included within them, such question shall be decided by the Revenue Officer.

(၄) နယ်နိမိတ်များသတ်မှတ်ပိုင်းခြားမှုမပြုမီ၊ ယင်းနယ်နိမိတ်အလားအလာအတွင်း၊ မြေတစ်စုံတစ်ရာပါဝင်မှု ရှိ မရှိ နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပွားလျှင်၊ ဤသို့အငြင်းပွားသည့်အချက်ကို အခွန်တော်အရာရှိက ဆုံးဖြတ်ရမည်။

(4) Nothing in Chapter IV shall apply to land included in any cantonment.

(၄) ဤအက်ဥပဒေ အခန်း(၄)ပါ မည်သည့်ပြဋ္ဌာန်းမှု တပ်မြို့တစ်စုံတစ်ရာတွင်ပါဝင်သောမြေများနှင့် သက်ဆိုင်မှု မရှိစေရ။

4. In this Act, unless there is anything repugnant in the subject or context,

၄။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားရပ်တို့၏အနက်အဓိပ္ပါယ်နှင့်ဖြစ်စေ ဆန့်ကျင်ကွဲလွဲမှု မရှိပါက-

(1) "State land" means all land of which no absolute and revenue free grant has been made, recognised or continued by or on behalf of the [....] Government;

(၁) **အစိုးရမြေ** ဆိုသည်မှာ အစိုးရကဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ အခွန်လွတ်အပိုင် ပေးအပ်ခြင်းမရှိသည့်၊ ယင်းသို့ပေးအပ်ကြောင်းအသိအမှတ်မပြုသည့် သို့မဟုတ် ဆက်လက်ပေးအပ်ခြင်းမရှိသည့် မြေများကိုဆိုလိုသည်။

(2) " land at the disposal of Government " means:

(a) land in respect of which no person has acquired a land-holder's right;

(b) land in respect of which no person holds any right created by grant or lease made by or on behalf of the [....] Government;

(၂) **အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ** ဆိုသည်မှာ-

(က) မည်သူမျှ လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး မရရှိသေးသောမြေ၊

(ခ) မည်သူကိုမျှ အစိုးရက အပိုင်ဖြစ်စေ၊ အငှားဖြစ်စေ ချထားခြင်းမရှိသေးသောမြေတို့ကို ဆိုလိုသည်။

(3) "town" means an area declared by the President of the Union by notification to be a town for the purposes of this Act, or constituted a municipality or town for the purposes of the Municipal Act or of the Towns Act;

(၃) **မြို့** ဆိုသည်မှာ ဤအက်ဥပဒေအရ အစိုးရက မြို့ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သော၊ စည်ပင်သာယာရေးအက်ဥပဒေအရ သို့မဟုတ် မြို့များအက်ဥပဒေအရ မြို့အဖြစ်သတ်မှတ်ထားသော ဧရိယာအပိုင်းအခြားကို ဆိုလိုသည်။

(4) "scheduled town" means a town specified in the Schedule;

(၄) **ဇယားဝင်မြို့** ဆိုသည်မှာ ဇယားတွင်သတ်မှတ်ဖော်ပြထားသည့်မြို့ကိုဆိုလိုသည်။

(5) "village" means an area appropriated to dwelling places not included in the limits of a town;

(၅) **ကျေးရွာ** ဆိုသည်မှာ မြို့တစ်စုံတစ်ရာ၏နယ်နိမိတ်တွင် မပါဝင်သော၊ အိမ်ယာနေရာဆောက်လုပ်ရန် လျာထား သတ်မှတ်သည့် ဧရိယာနေရာကို ဆိုလိုသည်။

(6) "Revenue Officer" means any person whom the President of the Union may appoint by name or as holding an office to do anything to be done by a Revenue Officer under this Act, or under any rule made thereunder;

(၆) **အခွန်တော်အရာရှိ** ဆိုသည်မှာ အမည်အားဖြင့်သော်လည်းကောင်း၊ ရာထူးလက်ရှိအဖြစ်နှင့်သော်လည်းကောင်း ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရထုတ်ပြန်သော နည်းဥပဒေ တစ်စုံတစ်ရာအရဖြစ်စေ အခွန်တော်အရာရှိတို့ ထမ်းဆောင်ရမည့်အချက်များကို ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်သမ္မတက ခန့်အပ်သူ မည်သူကိုမဆို ဆိုလိုသည်။

*(ဤအက်ဥပဒေ အရ အခွန်တော်အရာရှိ ခန့်အပ်ထားမှုအတွက် ၉-၁၁-၁၉၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀ တွင် ကြည့်ရန်)*

(7) "licence" means a licence in writing to use and occupy State land granted by a Revenue Officer authorized to grant the same;

(၇) **လိုင်စင်** ဆိုသည်မှာ အစိုးရမြေတစ်စုံတစ်ရာကို ပေးအပ်ရထားခွင့်ရှိသူ အခွန်တော်အရာရှိက ခွင့်ပြုပေးအပ်ထား သည့် အစိုးရမြေကိုသုံးစွဲလုပ်ကိုင်နေထိုင်ခွင့်လက်မှတ်စာ ကို ဆိုလိုသည်။

(8) "possession" means the occupation of land by any person or by his servant, agent, guardian, trustee, mortgagee, tenant or licensee;

(၈) **လက်ရှိဖြစ်ခြင်း** ဆိုသည်မှာ တစ်စုံတစ်ဦး က၊ သို့မဟုတ် ထိုသူ၏ ဝန်ထမ်းကဖြစ်စေ၊ ကိုယ်စားလှယ်က ဖြစ်စေ၊ အုပ်ထိန်းသူကဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူကဖြစ်စေ၊ အပေါင်ခံထားသူကဖြစ်စေ၊ အငှားရထားသူ ကဖြစ်စေ သို့တည်းမဟုတ် ခွင့်ပြုချက်လိုင်စင်ရထားသူကဖြစ်စေ မြေတွင်လက်ရှိလုပ်ကိုင်နေထိုင်ခြင်းကို ဆိုလိုသည်။

(9)"continuous possession" includes occupation of land by another person through whom or in whose right the present occupier has immediately succeeded in occupation, or by the servant, agent, guardian, trustee, mortgagee, tenant or licensee of any such person; and

(၉) **အဆက်မပြတ်လက်ရှိဖြစ်ခြင်း** ဆိုသည်တွင် လက်ရှိလုပ်ကိုင်နေထိုင်သူသည် အခြားသူတစ်ဦးထံမှဖြစ်စေ၊ ထိုသူ၏ ဆိုင်ရာဆိုင်ခွင့်ကိုအကြောင်းပြု၍ဖြစ်စေ ဆက်ခံလျှက် ထိုလက်ရှိလုပ်ကိုင်နေထိုင်သူကသော်လည်း ကောင်း၊ ယင်း၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူ သို့မဟုတ် အပေါင်ခံထားသူ သို့မဟုတ် အငှားရထားသူ သို့မဟုတ် ခွင့်ပြုချက်လိုင်စင်ရထားသူက သော်လည်းကောင်း လက်ရှိလုပ်ကိုင်နေထိုင်ခြင်းလည်း ပါဝင်သည်၊ နှင့်

(10)"landholder's right" means a permanent heritable and transferable right of use and occupancy in land in the landholder's possession subject only:

(a) to the payment of all such revenue, taxes, cesses, rates and other impositions as may from time to time be imposed on such land under any law for the time being in force;

(b) to the reservation in favour of Government of all mines and mineral products and of all buried treasure, with all the powers conferred by Chapter VIA.

(၁၀) **လက်ဝယ်ထားပိုင်ခွင့်** ဆိုသည်မှာ အောက်ဖော်ပြပါအချက်များကိုသာ အထောက်အထားပြု၍ မြေရှင်တွင် လက်ရှိဖြစ်သည့် မြေနေရာတွင် အမွေဆက်ခံ လွှဲပြောင်းပေးအပ်နိုင်သည့် သုံးစွဲခွင့် နှင့် လက်ရှိလုပ်ကိုင်နေထိုင်ခွင့်များ ကို ဆိုလိုသည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဆိုပါမြေအတွက် အခါအားလျော်စွာစည်းကြပ်သည့် အခွန်အရပ်ရပ်၊ အခွန်အတုတ်းနိုင်ကြေး နှင့် အခြားကောက်ခံသည့် ကြေးငွေအရပ်ရပ်တို့ကို ထမ်းဆောင်ခြင်း။

*(ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့် အညီ ထုတ်ဆင့်သည့် ညွှန်ကြားချက် အပိုဒ် ၂၈ တွင်လည်း ကြည့်ရန်)*

(ခ) အခန်း-၆(က) အရ အပ်နှင်းသည့် အရပ်ရပ်အခွင့်အာဏာများအရ အရပ်ရပ်သတ္တုတွင်း၊ ကျောက်မျက်တွင်းတွက် များ၊ မြေအောက်ရတနာပစ္စည်းများကို အစိုးရပိုင်အဖြစ် ချန်လှပ်ထားခြင်း။

5. When the boundaries of any town or village need definition for the purposes of this Act, the President of the Union may by notification define the same.

၅။ ဤအက်ဥပဒေအလို့ငှာ မြို့တစ်ခုတစ်ရာ သို့မဟုတ် ကျေးရွာတစ်ခုတစ်ရာ၏ နယ်နိမိတ်များကို သတ်မှတ်ပိုင်းခြားရန် လိုအပ်သည့်အခါ နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပိုင်းခြားခွင့် ရှိသည်။

## CHAPTER II
## OF RIGHTS IN LAND
## အခန်း(၂)
## မြေနှင့်သက်ဆိုင်သည့် အခွင့်အရေးများ

6. Subject to the provisions of section 3, this Chapter shall apply to all lands in all towns and villages.

၆။ ဤအက်ဥပဒေ ပုဒ်မ-၃ ပါပြဋ္ဌာန်းချက်အရ ဤအခန်းသည် မြို့ နှင့် ကျေးရွာများရှိ မြေများအားလုံးနှင့် သက်ဆိုင်စေရမည်။

7. No right of any description as against the Government shall be deemed to have been, or shall hereafter be, acquired by any person over any land in any town or village except the following, namely:-

(a) rights created by grant or lease made by or on behalf of the Government;

(b) rights acquired as against the [....] Government under the Limitation Act;

(c) rights originating and acquired in any of the modes specified in the next following section, or in section 9 or section 10;

(d) rights legally derived from any right mentioned in clauses (a), (b) and (c) of this section.

၇။ အောက်ဖော်ပြပါအခွင့်အရေးများမှအပ အခြားမည်သည့်အခွင့်အရေးကိုမျှ အစိုးရနှင့်ဆန့်ကျင်ကွဲလွဲစွာ မြို့နှင့်ကျေးရွာများရှိမြေ တစ်ခုတစ်ရာတွင် ရရှိကြောင်း သို့မဟုတ် ဆက်လက်ရရှိမည်ဖြစ်ကြောင်း မှတ်ယူပိုင်ခွင့်မရှိ-

(က) အစိုးရကဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ အပိုင် သို့မဟုတ် အငှားချထားမှုကြောင့်ဖြစ်ပေါ်သော အခွင့်အရေး၊

(ခ) ကာလစည်းကမ်းသတ်အက်ဥပဒေအရ အစိုးရနှင့်ဆန့်ကျင်ကွဲလွဲစွာ ရရှိနိုင်သော အခွင့်အရေး၊

(ဂ) အောက်တွင်ဖော်ပြထားသောပုဒ်မတွင်ဖြစ်စေ၊ ပုဒ်မ-၉ တွင်ဖြစ်စေ၊ပုဒ်မ-၁၀ တွင်ဖြစ်စေ ဖော်ပြပါရှိသည့် နည်းလမ်းများ အနက်မှ နည်းလမ်းတစ်ခုခုအရ ရပိုင်ခွင့်ရှိသည့် အခွင့်အရေး၊

(ဃ) ဤပုဒ်မ အပိုဒ်ခွဲ(က)၊(ခ) နှင့် (ဂ) များတွင်ဖော်ပြပါရှိသည့် အခွင့်အရေးများအနက်မှ တရားဥပဒေနှင့်အညီ ရယူခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေး။

8. Except in land in any scheduled town, and in land which the President of the Union may, by notification, specially exempt from the operation of this section, a landholder's right shall be acquired by every person who, otherwise than under a grant or lease made by the [....] Government:

(a) has had continuous possession of land for twelve years immediately preceding the 9th September, 1899;

(b) having had continuous possession of any land for less than twelve years immediately preceding the 9th September, 1899, shall have continuous possession thereof for twelve years computed from the date of original entry into possession;

(c )shall, after the 9th September, 1899, have continuous possession under a licence of any land at the disposal of Government, and pay all land-revenue and other public demands (if any) in respect thereof for twelve years.

၈။ ဇယားဝင်မြို့တစ်စုံတစ်ရာအတွင်းရှိမြေများအပါအဝင် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤပုဒ်မ အာဏာသက်ရောက်ခြင်းမှ အထူးကင်းလွတ်ခွင့်ပြုသည့် မြေများမှအပ၊ အစိုးရက အပိုင် သို့မဟုတ် အငှားချထားသည့် အပြင်-

(က) ၁၈၉၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် မတိုင်မီ ၁၂ နှစ်ဆက်တိုက် မြေကို နည်းလမ်း တစ်စုံတစ်ရာအရ လက်ရှိဖြစ်သူ၊

(ခ) ၁၈၉၉ ခုနှစ်၊စက်တင်ဘာလ ၉ ရက် မတိုင်မီ ၁၂ နှစ်အောက်လျော့သည့်ကာလအတွင်း မြေကို နည်းလမ်း တစ်စုံတစ်ရာအရ လက်ဝယ်ထားရှိခဲ့ရာ၊ မူလလက်ဝယ်ထားရှိမှု စတင်ဖြစ်ပေါ်သည့်နေ့ရက်မှ စတင် ရေတွက်ပါက ၁၂ နှစ်ဆက်တိုက် လက်ရှိဖြစ်သူ၊

(ဂ) ၁၈၉၉ ခုနှစ်၊စက်တင်ဘာလ ၉ ရက်မတိုင်မီ အစိုးရကချထားပေးသည့်မြေကို လိုင်စင်အရ ၁၂ နှစ်ဆက်တိုက် လက်ရှိဖြစ်၍ အဆိုပါမြေနှင့်ပတ်သက်သည့် မြေခွန်တော်အရပ်ရပ်နှင့် အစိုးရနှင့်စပ်လျဉ်းသည့် အခွန်အကောက်များကို ထမ်းဆောင်ခဲ့သူ မည်သူမဆို လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေးကို ရရှိခံစားစေရမည်။

*(ဤအက်ဥပဒေအရထုတ်ဆင့်သည့် ၈-၁၁-၁၉၈၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃၇ တွင် ကြည့်ရန်)*

9. In the towns of Akyab, Bassein and Prome every person who from the following dates, namely:

(a) in the case of Akyab, the first day of April, 1852;

(b) in the case of Bassein, the first day of January, 1876;

(c) in the case of Prome, the first day of January, 1870; has been in continuous possession of any land otherwise than under a grant or lease of the same from the [....] Government up to the 9th September, 1899, 1 shall be deemed to have acquired a landholder's right in respect of such land.

၉။ စစ်တွေမြို့၊ ပုသိမ်မြို့ နှင့် ပြည်မြို့တို့တွင် မည်သူမဆို-

(က) စစ်တွေမြို့နှင့်စပ်လျဉ်းပါက ၁၈၅၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့

(ခ) ပုသိမ်မြို့နှင့်စပ်လျဉ်းပါက ၁၈၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့

(ဂ) ပြည်မြို့နှင့်စပ်လျဉ်းပါက ၁၈၇၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့

မှစတင်၍ မြေတစ်စုံတစ်ရာကို အစိုးရက အပိုင် သို့မဟုတ် အငှားချထားပေးခြင်းမှ အပ၊ အခြားနည်းလမ်းတစ်စုံတစ်ရာ အရ ၁၈၉၉ ခုနှစ်၊စက်တင်ဘာလ ၉ ရက်နေ့အထိ အဆက်မပြတ်လက်ရှိဖြစ်ခဲ့သူသည်၊ အဆိုပါမြေနှင့်စပ်လျဉ်း၍ လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး ရရှိကြောင်း မှတ်ယူရမည်။

10. (1) The extension of the limits of any town or village shall not affect the rights which a person in possession of land included within the extended limits may have acquired prior to such extens -ion under any law for the time being in force.

(2) If, under the law applicable to any such land before such extension, the person in possession of the land at the time when the extension was made could by continuous possession for a period of twelve years have acquired, a right thereto equivalent to a landholder's right under this Act, any such, person or his successor in continuous possession shall, after such period of twelve years' continuous possession computed from the date of original entry into possession, be deemed to have acquired a landholder's right under this Act in respect of such land.

၁၀။(၁) မြို့ သို့မဟုတ် ကျေးရွာ တစ်စုံတစ်ရာ၏နယ်နိမိတ်ကို တိုးချဲ့ရာတွင် ယင်းကဲ့သို့တိုးချဲ့မှုမပြုမီ တည်ဆဲဥပဒေ တစ်စုံတစ်ရာအရ ဤသို့တိုးချဲ့သည့်နယ်နိမိတ်အတွင်းပါဝင်သည့် မြေကိုလက်ရှိဖြစ်သူ တစ်စုံတစ်ဦးရရှိသည့် အခွင့်အရေးများအား ထိပါးသက်ရောက်ခြင်း မရှိစေရ။

(၂) အထက်အပိုဒ်ပါ တိုးချဲ့မှုမပြုမီ အဆိုပါမြေတစ်စုံတစ်ရာအတွက် ဆိုင်ရာဥပဒေများအရ တိုးချဲ့စဉ်ကာလတွင် မြေကိုလက်ရှိဖြစ်သူက ၁၂ နှစ်ဆက်တိုက် လက်ဝယ်ထားရှိမှုခဲ့သဖြင့် မြေနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ မြေကိုလက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး နှင့်ညီမျှသော အခွင့်အရေးတစ်စုံတစ်ရာကို ရရှိနိုင်ခဲ့ပါက အဆိုပါ မည်သူကိုမဆိုဖြစ်စေ၊ အဆက်မပြတ်လက်ရှိထားရှိသူအားဆက်ခံသူကိုဖြစ်စေ မူလလက်ရှိဖြစ်ခဲ့ သောနေ့ရက်မှစတင်၍ရေတွက်ပါက ၁၂ နှစ်ဆက်တိုက် လက်ရှိဖြစ်ခဲ့ပြီးသည့်နောက်တွင် မြေနှင့်စပ်လျဉ်းပါက ဤဥပဒေအရ လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး ရရှိကြောင်း မှတ်ယူရမည်။

## CHAPTER III

## GENERAL PROVISIONS IN REGARD TO A LANDHOLDER'S RIGHT

## အခန်း(၃)

## လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေးနှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များ

11. A landholder's right in respect of any land shall cease if the landholder abandons of the land for two years continuously:

၁၁။ မြေတစ်စုံတစ်ရာကို လက်ရှိဖြစ်သူက ၂ နှစ်ဆက်တိုက် လက်လွှတ်ထားလျှင် ထိုမြေနှင့် စပ်လျဉ်း၍ လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး ရပ်စဲသည်။

12. Any person who is in possession of any land, and asserts that he has acquired a landholder's right in respect of the same, may apply to the Revenue Officer declaration of the fact got his having acquired such right.

၁၂။ မြေတစ်စုံတစ်ရာကို လက်ရှိဖြစ်သဖြင့် အဆိုပါမြေနှင့်စပ်လျဉ်း၍ မြေကိုလက်ဝယ်ထားပိုင်ခွင့်အခွင့်အရေးရရှိပြီးဖြစ်ကြောင်း အလိုရှိသူမည်သူမဆို ယင်းသို့အခွင့်အရေးရကြောင်း ဤကိစ္စအလို့ငှာထားရှိသည့်မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ပေးရန် အခွန်တော်အရာရှိထံ လျှောက်ထားရမည်။

13. On receipt of any such application. the Revenue Officer given in such manner and for such period as the President of the Union may by rule prescribe, and, if after inquiry he is satisfied has acquired

such right, he shall record a declaration to that effect in the said roll and shall furnish the applicant, if he requires it, with a certified copy of such declaration.

၁၃။ အခွန်တော်အရာရှိသည် အထက်ပါလျှောက်လွှာကိုလက်ခံရှိသည့်အချိန်တွင် နိုင်ငံတော်သမ္မတကထုတ်ပြန်သည့် နည်းဥပဒေများတွင် ဖေါ်ပြပါရှိသည့်နည်းလမ်းများအတိုင်း သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ထိုသို့ လျှောက်ထားကြောင်း လူအများသိစေရန်ကြော်ငြာရမည်။ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ပြီးနောက် လျှောက်ထားသူသည် အဆိုပါအခွင့်အရေးရရှိပြီးဖြစ်ကြောင်း အခွန်တော်အရာရှိက ကျေနပ်လက်ခံပါက အထက်ဖေါ်ပြပါမှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ရေးသွင်းကာ၊ လျှောက်ထားသူကတောင်းဆိုပါက ထိုသို့အခွင့်အရေးရကြောင်း သက်သေခံစာကို လက်မှတ်ရေးထိုး၍ ပေးအပ်ရမည်။

*(Land revenue 1, L. B Land Roll 1 မြေကိုလက်ဝယ်ထားပိုင်ခွင့်ရှိကြောင်းမှတ်ပုံတင်၊ Land Revenue 3, L. B Notice 9 လက်ဝယ်ထားပိုင်ခွင့်လျှောက်ထားမှုအပေါ် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ တို့နှင့် နည်းဥပဒေ အပိုဒ် ၁ မှ ၅ တွင် ကြည့်ရန်)*

14. (1) If, within five years from the date on which a declaration has been recorded under the last foregoing section, the Revenue Officer is satisfied that it is erroneous, he may cancel it:

Provided that no declaration shall be cancelled until notice of the Revenue Officer's proposal to cancel it has been published in such manner and for such period as the President of the Union may by rule prescribe, and until all persons claiming an interest in the land shall have had an opportunity of showing cause against the proposal.

(2) While any such declaration remains on the roll uncancelled, no fresh declaration inconsistent therewith shall be recorded in the roll.

၁၄။ (၁) အထက်ပါပုဒ်မအရ မှတ်ပုံတင်မှတ်သားချက်တစ်ရပ်ကို ထိုသို့မှတ်ပုံတင်ရေးသွင်းပြီး ၅ နှစ်အတွင်းတွင် မှတ်ပုံတင်ချက်မှားယွင်းကြောင်း အခွန်တော်အရာရှိက စိစစ်တွေ့ရှိပါက ပြန်လည်ပယ်ဖျက်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် ထိုကဲ့သို့ပယ်ဖျက်ရန် အခွန်တော်အရာရှိက ကြံရွယ်ကြောင်းကို နိုင်ငံတော်သမ္မတကထုတ်ပြန်သည့် နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်သည့်ကာလအပိုင်းအခြားကုန်ဆုံးသည်အထိ ကြော်ငြာပြီး မြေတွင် အကျိုးသက်ဆိုင်ကြောင်း အဆိုရှိသူတို့က ထိုကြံရွယ်ချက်အတိုင်း မဆောင်ရွက်သင့်ကြောင်း နိုင်လုံသောအကြောင်းပြချက်ပြနိုင် မတင်ပြမီ မည်သည့်မှတ်ပုံတင်မှတ်တမ်းတင်ထားမှုကို ပယ်ဖျက်ခြင်း မပြုရ။

(၂) ဖေါ်ပြရေးသွင်းမှတ်တမ်းတင်ခဲ့သည့်အချက်တစ်ရပ်ရပ်ကို ပယ်ဖျက်ခြင်းမပြုမီကာလတွင် အဆိုပါမှတ်တမ်းတင်ချက်နှင့်ဆန့်ကျင်ကွဲလွဲသည့် မည်သည့်မှတ်တမ်းတင်ချက်ကိုမျှ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ခြင်း မရှိစေရ။

*(Land Revenue 3, L. B Notice 10 လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေးကို ပယ်ဖျက်မည်ဖြစ်သည့်အတွက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ ပုံစံကိုကြည့်ရန်)*

15. (1) Whenever a question arises in any proceeding before a civil Court as to whether any person has acquired a landholder's right in respect of any land, and it appears that a declaration of the fact of such acquisition has been made and recorded by the Revenue Officer not less than five years before the commencement of such proceeding and is still uncancelled, the Court shall decide in accordance with such declaration.

(2) Whenever any such question arises in any such proceeding and it appears that no such decla - ration has been so made, or that, if made, it was made less than five years before the comme -ncement of such proceeding, or that it has been cancelled, and whenever any question arises as to whether a landholder's right, having been acquired, has been subsequently lost, the

Court shall refer such question to the Revenue Officer, and shall give judgment in accordance with his decision thereon:

Provided that, where an appeal from the decision of the Revenue Officer on any question so referred lies to a Revenue Officer of a higher grade, the Court shall, on such conditions as to the furnishing of security or otherwise as it thinks fit, defer its judgment so as to allow time for preferring an appeal, and; in the event of a decision being given in appeal different from that given by the Revenue Officer to whom the question was originally referred, shall give judgment in accordance with the 'decision given in appeal'.

၁၅။(၁) တရားရုံးတရပ်ရပ်ရှိ မှုခင်းတစ်စုံတစ်ရာတွင် မြေတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေးကို တစ်စုံတစ်ယောက်သောသူက ရရှိသည်၊ မရရှိသည် အငြင်းပွားမှု ပေါ်ပေါက်ပါက၊ ထိုသို့အငြင်းပွားမှု မပေါ်ပေါက်မီ ၅ နှစ်အောက် မလျော့သည့်ကာလအတွင်း မြေကို လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး ရရှိပြီး ဖြစ်ကြောင်း နှင့် အခွန်တော်အရာရှိက မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားချက်ကို မပယ်ဖျက်ဘဲ တည်ရှိနေဆဲဖြစ်ကြောင်း ထင်ရှားနေပါက၊ ထိုမှတ်တမ်းတင်ထားချက်နှင့်အညီ တရားရုံးက ဆုံးဖြတ်စီရင်ရမည်။

(၂) အထက်ပါမှုခင်းတစ်စုံတစ်ရာတွင် ထိုကဲ့သို့အငြင်းပွားအတွက် မှတ်ပုံတင်စာအုပ်တွင်မှတ်တမ်းတင်ထားမှုမရှိကြောင်း၊ ရှိသော်လည်း ထိုမှုခင်းမဖြစ်ပွားမီ ၅ နှစ် အောက် လျော့သည့်ကာလအတွင်း မှတ်တမ်းတင်ကြောင်း သို့မဟုတ် ပယ်ဖျက်ပြီးဖြစ်ကြောင်း ထင်ရှားသည့်အခါ၊ ထိုအငြင်း မြေကိုလက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး ရရှိပြီးဖြစ်သော်လည်း ပြန်လည်ဆုံးရှုံးမှု ရှိ မရှိ ဟူသည့်အချက်နှင့်စပ်လျဉ်း၍ အငြင်းပွားသည့်အခါ ထိုကဲ့သို့ အငြင်းပွားသည့်အချက်ကို တရားရုံးက အခွန်တော်အရာရှိထံ စိစစ်စေ၍ အခွန်တော်အရာရှိ၏ ဆုံးဖြတ်ချက် နှင့်အညီ စီရင်ချက်ချမှတ်ပေးရမည်။

သို့ရာတွင် အထက်ပါအတိုင်း စိစစ်သည့်အချက်နှင့် စပ်လျဉ်း၍ အခွန်တော်အရာရှိ၏ဆုံးဖြတ်ချက်ကို သဘောမတူ အယူခံဝင်လိုပါက ထိုအရာရှိထက် ရာထူးကြီးမြင့်သော အခွန်တော်အရာရှိထံ အယူခံဝင်ခွင့်ရှိသည့်အချက်တွင်၊ ထိုကဲ့သို့ အယူခံခွင့်အချိန်ရနိုင်ရန်အလို့ငှာ အာမခံချက်ပေးရန်အကြောင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အခြားသင့်လျော်သည်ထင်မြင်ရာ အကြောင်းနှင့်စပ်လျဉ်း၍ဖြစ်စေ စည်းကမ်းသတ်မှတ်လျက် စီရင်ချက်ကိုမချသေးဘဲ တရားရုံးစစ်ဆေးမှုကို ရပ်ဆိုင်းထားရမည်။ အယူခံရာမှ ဆုံးဖြတ်ချက်မှာ မူလအခွန်တော်အရာရှိ စိစစ်ဆုံးဖြတ်ပေးခဲ့သည့်အချက်နှင့် ကွဲလွဲပါက အယူခံစစ်ဆေးသည့်အခွန်တော်အရာရှိမှ ဆုံးဖြတ်ပေးသည်နှင့်အညီ တရားရုံးက စီရင်ချက်ချမှတ်ပေးရမည်။

## CHAPTER IV
## DISPOSAL OF LAND
## အခန်း(၄)
## မြေများချထားပေးခြင်း

16. Land at the disposal of Government may be disposed of:

(a) by grant or lease, conferring such interests therein and on such conditions as the President of the Union may by rule prescribe;

(b) by licence of the Revenue Officer.

၁၆။အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို

(က) နိုင်ငံတော်သမ္မတက ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စည်းကမ်းသတ်မှတ်ချက်များဖြင့် အဆိုပါ မြေကို အကျိုးခံစားခွင့်များလွှဲအပ်သည့် အပိုင်စာချုပ်အရဖြစ်စေ သို့မဟုတ် အငှားစာချုပ်အရဖြစ်စေ၊

(ခ) အခွန်တော်အရာရှိက ခွင့်ပြုထုတ်ပေးသော လိုင်စင်အရ ဖြစ်စေ

ပေးအပ်ချထားခွင့်ရှိသည်။

17. (1) The President of the Union may make rules for the disposal of land at the disposal of Government;

(2) Such rules may provide amongst other matters, for the following:-

(a) the amount or kind of interest to be created in such land by grants or leases and the conditions (if any) subject to which such interest may be conferred;

(b) the model in which, and the Revenue Officers by whom such grants or leases may be given;

(c) the Revenue Officers by whom, the manner in which, and the conditions subject to which licences to use and occupy land may be given;

(d) the rates of revenue to believed or rent to be reserved in respect of land, disposed of by grantor lease or occupied under licence, as the case may be; and

(e) the cases in which such land may be disposed of revenue-free.

၁၇။(၁) အစိုးရကစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေများကို ပေးအပ်ချထားရန် နည်းဥပဒေများကို နိုင်ငံတော်သမ္မတ ကထုတ်ပြန်ခွင့် ရှိသည်။

(၂) အဆိုပါနည်းဥပဒေများတွင် အောက်ဖော်ပြပါအချက်များနှင့်စပ်လျဉ်းသည့် အကြောင်းအချက်များကိုလည်း စီမံခွင့် ရှိသည်-

(က) အဆိုပါမြေများကို အပိုင်စာချုပ်အရဖြစ်စေအငှားစာချုပ်အရဖြစ်စေ မည်သည့်အကျိုးခံစားခွင့်များကို မည်မျှခံစားခွင့်ပေးအပ်ကြောင်း ဖော်ပြသည့်အချက်၊ အကယ်၍ အဆိုပါအကျိုးခံစားခွင့်များကို စည်းကမ်း တစ်စုံတစ်ရာဖြင့်လွှဲအပ်ခြင်းဖြစ်ပါက မည်သည့်စည်းကမ်းချက်များဖြင့်လွှဲအပ်သည်ဟူသောအချက်၊

(ခ) အပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ်များဖြင့် မည်သည့်အခွန်တော်အရာရှိတို့က မည်သည့်နည်းလမ်း ဖြင့် ပေးအပ်ချထားခွင့်ရှိသည် ဟူသောအချက်၊

(ဂ) မြေကိုသုံးစွဲလုပ်ကိုင်နေထိုင်ခွင့်လိုင်စင်များကို မည်သည့်အခွန်တော်အရာရှိတို့က မည်သည့်နည်းလမ်း ဖြင့် ပေးအပ်ချထားခွင့်ရှိသည် ဟူသောအချက်၊

(ဃ) အပိုင်စာချုပ်အရဖြစ်စေအငှားစာချုပ်အရဖြစ်စေ ပေးအပ်ချထားသော သို့တည်းမဟုတ် လိုင်စင်အရ လက်ရှိလုပ်ကိုင် နေထိုင်သော မြေများအပေါ် မည်သည့်နှုန်းထား အတိုင်း မြေခွန် ကောက်ခံရမည်၊ မည်သည့် မြေငှားခသတ်မှတ်ထားရမည် ဟူသည်ကို သတ်မှတ်သည့်အချက်၊ ယင်းတို့အပြင်

(င) မည်သည့်ကိစ္စရပ်များတွင် အဆိုပါမြေတို့ကို အခွန်လွတ် ပေးအပ်ချထားနိုင်သည်ဟူသောအချက်။

*(ရန်ကုန်မြို့နှင့်သံတောင်မြို့များမှအပ ကျန်မြို့များတွင် မြေပေးအပ်ချထားခြင်းအတွက် နည်းဥပဒေ အပိုဒ် ၆မှ၃၀၊ ရန်ကုန်မြို့တွင် မြေပေးအပ်ချထားခြင်းအတွက် ညွှန်ကြားချက် အပိုဒ် ၃၀ နှင့် ၃၁၊ ပန်းထမ်းရပ်ကွက်(စီတေးစတော့ရှင်)အတွက် နည်းဥပဒေများ အခန်း-၇၊ သံတောင်မြို့အတွက် နည်းဥပဒေများ အခန်း-၉ တို့တွင်ကြည့်ရန်)*

## CHAPTER V

## EVICTION FROM AND UNAUTHORIZED POSSESSION AND USE OF STATE LAND

## အခန်း(၅)

## အစိုးရမြေအဖြစ်မှ ဖယ်ရှားခြင်း နှင့် အစိုးရမြေကို ခွင့်ပြုချက်မရှိဘဲ လက်ရှိထားခြင်း၊ အသုံးပြုခြင်း

18. (1) Every person who:

(a) at the commencement of this Act is in possession of State land in respect whereof he has not then acquired a landholder's rights;

(b) after the commencement of this Act enters into possession of such land under a licence from the Revenue Officer,

shall, until he acquires a landholder's right in respect of such land, be liable to be evicted therefrom after three months' notice from the Revenue Officer to quit the same:

Provided that every person so evicted. shall be entitled to receive from Government such compensation as the Revenue Officer may determine for the expense of removing and re-erecting elsewhere the buildings (if any) on the land, and for any loss or injury to any crop, garden produce and productive trees planted or grown by him or by previous occupants of the land;

(2) Nothing in this section shall apply to any person holding State land under a grant or lease made by or on behalf of the [....] Government;

၁၈။ (၁) မည်သူမဆို-

(က) လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး ရရှိမှုမရှိသေးဘဲ ဤအက်ဥပဒေပြဋ္ဌာန်းချိန်မှစ၍ အစိုးရမြေ တစ်စုံတစ်ရာကို လက်ရှိဖြစ်နေလျှင်၊ သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် အခွန်တော်အရာရှိက ပေးအပ်သည့်လိုင်စင်အရ မြေတစ်စုံတစ်ရာကို လက်ရှိဖြစ်နေလျှင်

ထိုသူသည် ထိုမြေနှင့်စပ်လျဉ်း၍ လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေးမရရှိသေးမီ ထိုမြေကိုစွန့်လွှတ်ရန်အတွက် အခွန်တော်အရာရှိထံမှ သတိပေးအကြောင်းကြားစာရရှိပြီးနောက် သုံးလပြည့်လျှင် ထိုမြေမှ ဖယ်ရှားပေးရန် တာဝန်ရှိသည်။

သို့ရာတွင် ထိုကဲ့သို့ ဖယ်ရှားခြင်းခံရသူတို့သည် အဆိုပါမြေပေါ်တွင် အဆောက်အဦးများ ရှိနေပါက ထိုအဆောက်အဦးများကို ဖြိုဖျက်ပြောင်းရွှေ့၍ အခြားနေရာတွင် အသစ်ဆောက်လုပ်ရသည့်ကုန်ကျစရိတ်များနှင့်၊ ထိုသူတို့ကဖြစ်စေ ယခင်လက်ရှိနေထိုင်ဘူးသူများကဖြစ်စေ စိုက်ပျိုးသီးနှံများအပါအဝင် ဖြံ့ထွက်သစ်သီးဝလံ ပန်းပင် သီးပင် စားပင် ပွင့်ပင်များ ပျက်စီးဆုံးပါးမှုတို့အတွက် အခွန်တော်အရာရှိက စိစစ်သတ်မှတ်သည့် လျော်ကြေးကို အစိုးရထံမှ ရထိုက်စေရမည်။

(၂) ဤပုဒ်မပါ မည်သည့်အချက်ကမျှ အစိုးရကဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ ချပ်ဆိုပေးသော အပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ်အရ အစိုးရမြေကို လက်ရှိဖြစ်သူ တစ်စုံတစ်ယောက်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

19. Any person who after the 9th September, 1899,

(a) enters into possession of any land at the disposal of Government except under a grant or lease from the Government, or under a licence from the Revenue Officer, or

(b) remains in possession of such land after any such grant, lease or licence has been cancelled, or has expired, or has otherwise become void and possession has been demanded on behalf of Government,

shall be liable:

(i) to be summarily evicted therefrom;

(ii) to pay five times the amount of revenue or rent assessable or payable in respect of the land during the period of his unauthorized occupation; and

(iii) to pay such fine as the Revenue Officer may determine as a further penalty for such unauthorized occupation or possession.

၁၉။ ၁၈၉၉ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့မှ စတင်၍ မည်သူမဆို-

(က) အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ တစ်စုံတစ်ရာကို အစိုးရကချအပ်သော အပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ် အရဖြစ်စေ၊ အခွန်တော်အရာရှိထံမှ ရရှိသော လိုင်စင်အရဖြစ်စေ လက်ရှိရယူထားခြင်းမှအပ အခြားနည်းဖြင့်လက်ရှိရယူထားလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ် သို့မဟုတ် လိုင်စင်ကို ဖျက်သိမ်းသဖြင့်၊ သို့တည်းမဟုတ် ထိုစာချုပ် သို့မဟုတ် လိုင်စင် သက်တမ်းပြည့်သဖြင့်၊ သို့တည်းမဟုတ် အခြားနည်းတစ်စုံတစ်ရာ ပျက်ပြယ်သဖြင့် အစိုးရက မြေကိုပြန်လည်အပ်နှံရန် တောင်းဆိုထားပြီးနောက် မြေကို ဆက်လက်လက်ရှိထားရှိလျှင်

ထိုသူသည်

(၁) ထိုမြေမှ အဆောတလျင် ဖယ်ရှားခြင်းခံရမည်၊

(၂) အခွင့်အမိန့်မရှိဘဲ လက်ရှိလုပ်ကိုင်နေသောကာလအတွင်း ထိုမြေနှင့်စပ်လျဉ်း၍ စည်းကြပ်သည့် မြေခွန် သို့မဟုတ် မြေငှားခ ၏ ၅ ဆ ကို ပေးဆောင်ရန်တာဝန်ရှိစေရမည်၊

(၃) အထက်ပါအခွင့်အမိန့်မရှိဘဲလက်ရှိလုပ်ကိုင်နေထိုင်မှု သို့မဟုတ် လက်ရှိထားမှုအတွက် ထပ်ဆင့်ပြစ်ဒဏ် အဖြစ် အခွန်တော်အရာရှိကသတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

20. When the Revenue Officer is satisfied that any State land of which a grant or lease has been made, or in respect of which a licence has been given, limited to any specific purpose, has been, or is being used without the permission of the Revenue Officer for' any other purpose, the person in possession of the land shall be liable:

(1) to pay such revenue or rent, or enhanced rate of revenue or rent, in respect of the land as the Revenue Officer shall determine from the time when the land was first used for such other purpose;

(2) to pay such line as the Revenue Officer may determine as a further penalty for the unauthorized use of the land;

(3) to have the grant, lease or licence of or for the land cancelled by the Revenue Officer and to be evicted therefrom:

Provided that no final order under this section shall be made until the person in possession of the land has had an opportunity of showing cause against the imposition of any penalty, and that no order shall be enforced until it has been confirmed by the Commissioner of the division.

၂၀။ အကြောင်းတစ်စုံတစ်ရာသတ်မှတ်ချက်ဖြင့် အပိုင်စာချုပ်ဖြစ်စေ၊ အငှားစာချုပ်ဖြစ်စေ ချုပ်ဆိုပေးအပ်ပြီးနောက် သို့တည်းမဟုတ် လိုင်စင်ပေးအပ်ပြီးနောက်၊ အစိုးရမြေကို အခွန်တော်အရာရှိ၏ခွင့်ပြုချက်မရှိဘဲ အခြားကိစ္စအတွက် အသုံးပြုပါက သို့မဟုတ် အသုံးပြုဆဲဖြစ်ပါက မြေကိုလက်ရှိဖြစ်သော ထိုသူသည်

(၁) ထိုမြေကို အခြားကိစ္စအတွက် စတင်အသုံးပြုချိန်မှစတင်၍ ထိုမြေနှင့်စပ်လျဉ်း၍ အခွန်တော်အရာရှိ ဆုံးဖြတ်သည့် မြေခွန်တော်ကိုဖြစ်စေ၊ မြေငှားခကိုဖြစ်စေ၊ တိုးမြှင့်သတ်မှတ်သည့် မြေခွန်အတိုင်းဖြစ်စေ၊ တိုးမြှင့်သတ်မှတ်သည့်မြေငှားခအတိုင်းဖြစ်စေ မပျက်မကွက် ပေးဆောင်ရန်တာဝန်ရှိသည်၊

(၂) မြေကို အခွင့်အမိန့်မရှိဘဲ အသုံးပြုသည့်အတွက် ထပ်ဆင့်ပြစ်ဒဏ်အဖြစ် အခွန်တော်အရာရှိက သတ်မှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရန်ရန် တာဝန်ရှိသည်၊

(၃) ထိုမြေအတွက် အပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ် သို့မဟုတ် လိုင်စင်ကို အခွန်တော်အရာရှိက ဖျက်သိမ်း၍ ဖယ်ရှားခံစေရရန် တာဝန်ရှိစေရမည်။

သို့သော်လည်း ပြစ်ဒဏ်စီရင်မှုတစ်စုံတစ်ရာမှာ သင့်လျော်မှုတမှုမရှိကြောင်း နှင့် မြေလက်ရှိဖြစ်သူက အကြောင်းပြသရေးပေးခွင့်မရမီကာလအတွင်း ဤပုဒ်မအရ မည်သည့်အမိန့်ကိုမျှ အပြီးအပြတ်ဟု မှတ်ယူခြင်း မရှိစေရ၊ မည်သည့်အမိန့်ကိုမျှ တိုင်းမင်းကြီးက အတည်မပြုမီကာလအတွင်း အတည်မဖြစ်စေရ။

21. (1) When any person is liable under this Act to be evicted from State land, the Revenue Officer may issue an order requiring him and any other person (if any) occupying the land to quit the same, and to remove there from all property other than Government property within a specified time.

A copy of such order shall be posted up in some conspicuous position on the land or upon a building thereon.

(2) If after the time specified in the order any person remains upon or in occupation of the land, the Revenue Officer may, by warrant under his hand, cause such person to be arrested and may commit him to imprisonment in the civil jail for such period, not exceeding thirty days, as the Revenue Officer may consider necessary for the purpose of preventing resistance or obstruction to his order.

(3) If any property other than Government property remains on the land after the time specified in the order, the Revenue Officer may cause the same to be removed and sold for the purpose of defraying the cost of its removal, custody and sale; and thereupon the surplus proceeds of the sale (if any) shall be paid to the owner of the property.

(4) Nothing shall be deemed to be Government property within the meaning of this section merely by reason of its having been put into or affixed to the soil.

၂၁။(၁) တစ်စုံတစ်ယောက်သောသူကို အစိုးရမြေမှ ဤအက်ဥပဒေအရ ဖယ်ရှားရန် အကြောင်းရှိသည့်အခါ ထိုသူနှင့်တကွ အဆိုပါမြေကို အခြားလက်ရှိနေထိုင်လုပ်ကိုင်နေသူများ ရှိပါကလည်း ထိုသူတို့ကို သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ထိုမြေမှထွက်ခွာသွားစေရန်အပါအဝင် အစိုးရပိုင်ပစ္စည်းမှအပ အခြားပစ္စည်းများကို ပြောင်းရွှေ့ဖယ်ရှားရန် အခွန်တော်အရာရှိကအမိန့်ကို ထုတ်ဆင့်ခွင့်ရှိသည်။

ထိုအမိန့်စာမိတ္တူတစ်စောင်ကို မြေပေါ်တွင် ထင်ရှားသောနေရာ၌ဖြစ်စေ၊ ထိုမြေပေါ်ရှိ အဆောက်အဦး တစ်စုံတစ်ရာ၌ဖြစ်စေ၊ ကပ်ရမည်။

*(Land Revenue 3, L.B Notice 5 မြေမှထွက်ခွာရန် အကြောင်းကြားဆင့်စာ ပုံစံကိုကြည့်ရန်)*

(၂) ထိုအမိန့်တွင် သတ်မှတ်သည့်အပိုင်းအခြားကာလကုန်ဆုံးပြီးနောက် တစ်စုံတစ်ယောက်သောသူက ထိုမြေတွင် ဆက်လက်နေထိုင် လုပ်ကိုင်လျက်ရှိပါက၊ အခွန်တော်အရာရှိသည် ယင်းကိုယ်တိုင် လက်မှတ်ရေးထိုးပါရမ်းထုတ်ဆင့်ပြီး ထိုသူကို ဖမ်းဆီးစေပြီးနောက်၊ မိမိအမိန့်ကို ဆန့်ကျင်မှုမပြုနိုင်စေရန်အတွက် ထိုအခွန်တော်အရာရှိ သင့်လျော်သည်ထင်မြင်သည့်ကာလကို ရက်ပေါင်း ၃၀ ထက်မပိုစေဘဲ တရားမအကျဉ်းထောင်တွင် ချုပ်နှောင်ထားခွင့်ရှိသည်။

*(Land Revenue 3, L.B Warrant 3 လျှောက်ဖမ်းဆီးရန်ပရမ်းတာ ပုံစံကိုကြည့်ရန်)*

(၃) အမိန့်တွင် သတ်မှတ်ပိုင်းခြားသည့်ကာလ လွန်မြောက်ပြီးနောက် အစိုးရပိုင်ပစ္စည်း မှတစ်ပါး အခြားပစ္စည်းတစ်စုံတစ်ရာ မြေပေါ်တွင်ကြွင်းကျန်မှုရှိနေပါက အခွန်တော်အရာရှိသည် ထိုပစ္စည်းကို ပြောင်းရွှေ့ ထိန်းသိမ်းရောင်းချရသည့် ကုန်ကျစရိတ်အတွက် အဆိုပါပစ္စည်းကို ရွှေ့ပြောင်း ရောင်းချပိုင်ခွင့် ရှိသည်။ ယင်းကဲ့သို့ရောင်းချရာတွင် ရောင်းချရငွေများအနက် ပိုမိုနေပါက ထိုပိုငွေကို ပစ္စည်းရှင်သို့ ပေးအပ်ရမည်။

(၄) မြေတွင်စွဲကပ်နေသော မည်သည့်အကြောင်းနှင့်မျှ မည်သည့်ပစ္စည်းကိုမဆို ဤပုဒ်မအလို့ငှာ အစိုးရပိုင်ပစ္စည်းဖြစ်ကြောင်း မှတ်ယူခြင်း မရှိစေရ။

## CHAPTER VI
## ASSESSMENT OF LAND REVENUE

## အခန်း(၆)
## မြေခွန်တော် စည်းကြပ်ခြင်း

22. All State land shall be liable to be assessed to land-revenue, except:

(a) land which on the [9th September, 1899] belongs to the site of any monastery, pagoda or other sacred building, and which continues to be used for the purpose of such monastery, pagoda or sacred building,

(b) land exempt from assessment under the express terms of any grant or lease made or to be made by or on behalf of the [....] Government, so long as the conditions (if any) subject to which the grant or lease has been or shall be made are fulfilled;

(c) plots of land in villages not exceeding one-fourth of an acre each in extent and occupied by or appertaining to buildings;

(d) plots of land in towns not exceeding one-fourth of an acre each in extent and occupied by or appertaining to buildings which are assessed to one of the taxes specified in section 62,2 sub section (1), division (A), clause (a), clause (b), clause (c) or clause (d) of the Municipal Act, or on which a house cess is levied under section 6 of the District Cesses Act.

၂၂။ အောက်ဖော်ပြပါမြေများမှ အပ အစိုးရမြေများအားလုံးသည် မြေခွန်တော် စည်းကြပ်ခြင်း ခံရမည်-

(က) ၁၈၉၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ တွင် စေတီတည်ရှိသော ဘုန်းကြီးကျောင်း၊စေတီပုထိုး သို့မဟုတ် ဘာသာရေးအဆောက်အအုံတည်ရှိရာမြေနှင့် ဘုန်းကြီးကျောင်း၊စေတီပုထိုးသို့မဟုတ် ဘာသာရေးအဆောက်အအုံများအတွက် ဆက်လက်အသုံးပြုနေသော မြေများ။

(ခ) အစိုးရကဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ ချုပ်ဆိုပေးအပ်သော သို့မဟုတ် ချုပ်ဆိုပေးအပ်ရန်ရှိသော အပိုင်စာချုပ် သို့မဟုတ် အငှားစာချုပ်တွင် စည်းကမ်းသတ်မှတ်ချက် တစ်စုံတစ်ရာရှိလျှင်၊ ထိုစည်းကမ်းချက်အတိုင်း

လိုက်နာစေနေသမျှကာလပတ်လုံး ထိုစာချုပ်တစ်စုံတစ်ရာတွင် အတိအလင်း ဖော်ပြပါရှိသည့်အချက်များအရ မြေခွန်တော်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည့် မြေများ။

*(ထပ်မံအပ်နှင်းသည့် ကင်းလွတ်ခွင့်ပြုရန် အခွင့်အာဏာအတွက် ညွှန်ကြားချက်များ အပိုဒ် ၅၀ တွင် ကြည့်ရန်)*

(ဂ) ကျေးရွာအတွင်း အိမ်ယာအဆောက်အဦး ဆောက်လုပ်ထားသည့် သို့မဟုတ် အိမ်ယာအဆောက်အဦးနှင့် သက်ဆိုင်သည့် တစ်ကွက်လျှင် လေးတစ်ပုံဧကထက် မပိုသော မြေများ။

(ဃ) ၁၈၉၈ ခုနှစ်၊ မြူနီစပါယ်အက်ဥပဒေ ပုဒ်မ ၄၆ အပိုဒ် (၁)A (က)တွင်ဖြစ်စေ၊ (ဂ)တွင်ဖြစ်စေ၊ (ဃ)တွင်ဖြစ်စေ သတ်မှတ်ဖော်ပြသည့် အခွန်တော်မျိုးစည်းကြပ်သည့်၊ သို့တည်းမဟုတ် ၁၈၈၀ ပြည့်နှစ်၊ ကျေးလက်တွင် ငွေကောက်ခံရန်ရာဇဝတ်အမှုထမ်းများဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆ အရ အိမ်ခွန်ကြေးကောက်ခံသည့် အိမ်ယာ အဆောက် အဦး ဆောက်လုပ်ထားသည့် သို့မဟုတ် အိမ်ယာအဆောက်အဦးနှင့် သက်ဆိုင်သည့် တစ်ကွက် လျှင် လေးတစ်ပုံဧကထက် မပိုသော မြေများ။

23. The Revenue Officer shall assess and levy land-revenue upon all lands liable to payment thereof according to such rates and in such manner as the Financial Commissioner with the previous sanction of the President of the Union, may prescribe.

၂၃။ အခွန်တော်အရာရှိသည် မြေခွန်တော်ပေးဆောင်ရန် ထိုက်သင့်သည့် မြေအမျိုးအစားများအပေါ်တွင် နိုင်ငံတော် သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဘဏ္ဍာတော်မင်းကြီးက သတ်မှတ်သည့် နှုန်းထားများအတိုင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မြေခွန်တော် စည်းကြပ်ကောက်ခံရမည်။

*(၃-၅-၁၉၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈ နှင့် ၂၄-၁-၁၉၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ တွင်ကြည့်ရန်)*

## CHAPTER VIA

## REGULATION OF THE EXTRACTION OF MINERALS AND LEVY OF ROYALTIES THEREON

## အခန်း(၆-က)

## ဓါတ်သတ္တုများတူးဖော်ခြင်း နှင့် ထိုသို့တူးဖော်ခြင်းအပေါ် အခွန်အကောက်ဆိုင်ရာစည်းမျဉ်းသတ်မှတ်မှု

23A.(1) In the case of any land wherein the right to minerals is reserved to or otherwise belongs to Government, the Government shall have all powers necessary for the proper enjoyment of its right thereto, and may dispose of any such right and powers to-any persons in such manner as to it may seem fit.

(2) Whenever the rights of any owner or occupier of any land are infringed by the occupation or disturbance of the surface of the said land, either by the Government in the exercise of the rights and powers referred to in sub-section (1), or by any person to whom the Government may have disposed of such rights and powers in regard to the said land, the Government shall pay or cause to be paid, to such owner or occupier compensation for the infringement.

The compensation shall be determined, as nearly as may be, in accordance with the provisions of the Land Acquisition Act.

(3)The President of the Union may, from time to time, make rules:

(a) for regulating or prohibiting the mining, quarrying or digging for or the excavating or collecting of minerals on land wherein the right to minerals is reserved to or otherwise belongs to Government;

(b) for the disposal by way of lease, licence or otherwise of such right of the Government, and fixing the conditions subject to which it and the mode in which such dispositions may be made;

(c) for the levy and collection of royalties and fees in respect of minerals mined, quarried, excavated or collected on any such land; and

(d) for prohibiting or regulating and controlling the possession, purchase, sale, transport and export of minerals, for the issue of licences in furtherance of such regulation and control, and for the levy and collection of fees in respect of such licences.

၂၃-က။(၁) မည်သည့်မြေတွင်မဆို ဓါတ်သတ္တုများကို အစိုးရပိုင်အဖြစ်ထိန်းသိမ်းထားခြင်း သို့မဟုတ် အစိုးရပိုင်မြေဖြစ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ ဓါတ်သတ္တုများ၏အကျိုးခံစားခွင့်များကို အပြည့်အဝခံစားခွင့်ရှိရန် လိုအပ်သည့် အခွင့်အာဏာကို အစိုးရက ရရှိစေရမည့်အပြင်၊ ထိုအခွင့်အရေး နှင့် အခွင့်အာဏာကို အခြားသူတစ်ဦးတစ်ယောက်သို့ သင့်လျော်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ပေးအပ်ချထားခွင့်လည်း ရှိသည်။

(၂) အထက်အပိုဒ်ခွဲ(၁)ပါ အကျိုးခံစားခွင့် နှင့် အခွင့်အာဏာများကို အစိုးရက ဖြစ်စေ၊ အစိုးရက ပေးအပ်ချထားမှုအရ အခွင့်အရေးနှင့်အခွင့်အာဏာ ရရှိသူက ဖြစ်စေ ဆောင်ရွက်ရာတွင် ထိုမြေမျက်နှာပြင်ကို လက်ရှိဖြုလုပ်၊ သို့မဟုတ် ထိပါးခြင်းကြောင့် ထိုမြေကို ပိုင်ဆိုင်သူ သို့မဟုတ် လက်ရှိလုပ်ကိုင်နေသူ တစ်ဦးတစ်ယောက်၏ အခွင့်အရေးများကို ထိခိုက်မှုကြီးစေသည့်အခါတွင်၊ ထိုကဲ့သို့ထိခိုက်မှုကြီးစေမှုအတွက် လျော်ကြေးငွေကို ဖေါ်ပြပါမြေပိုင်ဆိုင်သူ သို့မဟုတ် လက်ရှိလုပ်ကိုင်သူသို့ အစိုးရက ပေးလျော်ခြင်း သို့မဟုတ် ပေးလျော်စေရန်စီမံခြင်း ပြုလုပ်ရမည်၊

ပေးလျော်သည့်လျော်ကြေးငွေကို ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပါ ပြဌာန်းချက်များနှင့် ညီညွတ်နိုင်သမျှ ညီညွတ်စေရန် ဆုံးဖြတ်သတ်မှတ်ရမည်။

(၃) နိုင်ငံတော်သမတ သည် အခါအားလျော်စွာ အောက်ပါကိစ္စရပ်များ အလို့ငှာ နည်းဥပဒေများကို သတ်မှတ်နိုင်သည်-

(က) ဓါတ်သတ္တုများပိုင်ဆိုင်ခွင့်ကို အစိုးရပိုင်အဖြစ်ထိန်းသိမ်းထားခြင်း သို့မဟုတ် အစိုးရပိုင်ဆိုင်ခွင့်ရှိသည့် မြေ တစ်စုံတစ်ရာတွင် သတ္တုတွင်းတူးဖေါ်ခြင်း၊ ကျောက်တူးဖေါ်ခြင်း၊ ဓါတ်သတ္တုများ ရှာဖွေ တူးဖေါ် ရယူခြင်းတို့ကို စည်းမျဉ်းများသတ်မှတ်ရန် သို့မဟုတ် တားမြစ်ရန်၊

(ခ) အစိုးရပိုင်ဖြစ်သော ဖေါ်ပြပါအခွင့်အရေးများကို အငှားချထားသောနည်းဖြင့်ဖြစ်စေ၊ သို့မဟုတ် လိုင်စင်ပေးအပ်ချထားသောနည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပေးအပ်ချထားခြင်းအပါအဝင် ထိုကဲ့သို့ ပေးအပ်ချထားမှုပြုရာတွင် အခြေခံရမည့် စည်းကမ်းသတ်မှတ်ချက်များ နှင့် လိုက်နာရမည့် နည်းလမ်းများ သတ်မှတ်ရန်၊

(ဂ) အဆိုပါ မည်သည့်မြေမျိုးတွင်မဆို သတ္တုတွင်း၊ကျောက်တွင်း စသည်များ ရှာဖွေတူးဖေါ်စုဆောင်းမှုများပြုလုပ်သည့် ဓါတ်သတ္တုများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ကောက်ခံရန်၊ ထို့အပြင်

(ဃ) ဓါတ်သတ္တုများ လက်ဝယ်ထားရှိခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းစသည်တို့ကို လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်များကောက်ခံခြင်းစသည့် ကြီးကြပ်ကွပ်ကဲရန်နှင့် တားမြစ်ချက်များသတ်မှတ်ရန်။

*(နည်းဥပဒေများ အပိုဒ် ၇၄-က မှ ၇၄-ဇ အထိ ကြည့်ရန်)*

## CHAPTER VII

## RECOVERY OF SUMS DUE TO GOVERNMENT

## အခန်း(၇)

## အစိုးရထံ ထမ်းဆောင်ရမည့် ကြေးငွေများကို အရကောက်ခံခြင်း

24. All sums of money now due and payable, or which shall hereafter become due and payable, to Government in respect of any land, whether for land-revenue, rent or otherwise, and all fines imposed by a Revenue Officer under this Act, shall be recoverable as if they were arrears of land-revenue under the Land and Revenue Act.

၂၄။ မြေတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ မြေခွန်တော်အတွက်ဖြစ်စေ၊မြေငှားခအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်အတွက်ဖြစ်စေ၊ အစိုးရသို့ လက်တလောပေးဆောင်ရန်သော်လည်းကောင်း၊ဆက်လက်ပေးဆောင်ရန်သော်လည်းကောင်း ရှိသည့် အရပ်ရပ်ကြေးငွေတို့နှင့်၊ အခွန်တော်အရာရှိက ဤအက်ဥပဒေအရ ပေးဆောင်စေသည့်ဒဏ်ငွေများကို ၁၈၇၆ ခုနှစ် မြန်မာနိုင်ငံ မြေ နှင့် အခွန်တော် အက်ဥပဒေ အရ မြေခွန်တော်မပြေကျန်ငွေ အရကောက်ခံသကဲ့သို့ ကောက်ခံပိုင်ခွင့် ရှိသည်။

25. Every sum due to Government in respect of any land shall be a charge upon the land and shall have priority over every other charge thereon created by mortgage, decree, attachment or otherwise.

၂၅။ မြေတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အစိုးရထံသို့ ထမ်းဆောင်ရန်ရှိသည့် အရပ်ရပ်ကြေးငွေများကို ထိုမြေအပေါ်၌ တောင်းတောင်းခံရမည့်အပြင်၊ အပေါင်စာချုပ်အရဖြစ်စေ၊ စီရင်ချက်ဒီကရီအရဖြစ်စေ၊ ဝရမ်းဖြင့်ကပ်ဖမ်းဆီးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ထိုမြေအပေါ်တွင်ရထိုက်သည့်အခြားငွေကြေးတိုင်းတွင် ဦးစွာစုနှိမ်၍ ရယူရမည်။

26. Any sum due to Government in respect of any land shall be due jointly and severally from, and shall be payable by, all persons in possession of the land at the time the sum is demanded and all persons in possession of the land during the period for which the sum is payable.

၂၆။ မြေတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အစိုးရထံသို့ ထမ်းဆောင်ရန်ရှိသည့် မည်သည့်ကြေးငွေကိုမဆို စည်းကြပ်ကောက်ခံသည့်ကာလအတွင်း မြေကိုလက်ရှိဖြစ်သူမည်သူမဆို နှင့် ထိုငွေထမ်းဆောင်ရန်ထိုက်သင့်သည့် အချိန်ကာလအတွင်း မြေကိုလက်ရှိဖြစ်သူတို့သည် တစ်ဦးတည်းကသော်လည်းကောင်း၊ ပူးတွဲ၍သော်လည်းကောင်း အပြေအကျေ ပေးဆောင်ရမည်။

## CHAPTER VIII

## RECORD OF POSSESSION

27. This Chapter shall apply only to scheduled towns and to such other towns as the President of the Union may, by notification, direct:

၂၇။ ဤအခန်းပါပြဋ္ဌာန်းချက်များသည် ဇယားဝင်မြို့များ နှင့် နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသည့်မြို့များ နှင့်သာ သက်ဆိုင်စေရမည်။

28. There shall be kept by the Revenue Officer, for every town to which this Chapter applies, a roll of town lands, in which shall be entered the names of the persons for the time being in possession of all

lands within the town, together with such particulars as the President of the Union may, by rule, prescribe.

၂၈။ ဤအခန်းနှင့်သက်ဆိုင်သည့်မြို့များအတွက် အခွန်တော်အရာရှိက မြို့မြေစာရင်းကို ရေးမှတ်ထားပြီးလျှင်၊ နိုင်ငံတော်သမ္မတ က ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ သတ်မှတ်သည့်အကြောင်းအရာများနှင့်တကွ မြို့အတွင်းရှိမြေများကိုလက်ရှိထားသူတို့၏ အမည်များကို ရေးသွင်းမှတ်သားရမည်။

*(ဤအက်ဥပဒေအရထုတ်ပြန်သောနည်းဥပဒေများတွင် ဖေါ်ပြမထားရှိသေးသောမြေများအပေါ် ဆောင်ရွက်ရန် ညွှန်ကြားချက်အတွက် နောက်ဆက်တွဲ-၂ ပါ မြို့မြေပိုင်ဆိုင်မှုစိစစ်ရန်၊ မြေတိုင်းတာရန်၊ နယ်နိမိတ်အတည်ပြုရန်၊ မြို့မြေစာရင်းရေးသွင်းရန် ထိန်းသိမ်းမြေတိုင်းတာရန် ညွှန်ကြားချက်များမှ ကောက်နုတ်ချက် ကိုကြည့်ရန်၊ Land Revenue 1, Land Roll 18 မြို့မြေမှတ်ပုံတင်စာရင်းပုံစံ နှင့် ၂၀-၁-၁၉၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၊ ၂၈-၄-၁၉၁၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇ တို့တွင် ကြည့်ရန်)*

29. Whenever any document affecting the title or right to possession of any land in any such town as aforesaid shall be registered under the Registration Act, the officer registering the same shall send to the Revenue Officer a true copy of the entries in the indexes, kept under the said Act, relating to such document.

၂၉။ အထက်ဖေါ်ပြပါ မြို့များရှိ မြေများကို လက်ဝယ်ထားပိုင်ခွင့်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာ ကို စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ အရ မှတ်ပုံတင်ရန် တင်သွင်းသည့်အခါတိုင်း၊ မှတ်ပုံတင်အရာရှိသည် ယင်းအက်ဥပဒေအရ ထားရှိသည့် ခေါင်းစဉ်အညွှန်းစာအုပ်တွင် ထိုစာချုပ်အမှတ်အသားနှင့်စပ်လျဉ်းသည့် ရေးသွင်းချက်မိတ္တူမှန်တစောင်ကို အခွန်တော်အရာရှိထံ ပေးပို့ရမည်။

30. Whenever the title or right to possession of any land in any such town as aforesaid shall be transferred otherwise than by a registered document, the transferor and transferee shall give notice to the Revenue Officer of the change in possession within thirty days from the date on which the transferee enters into possession.

၃၀။ အထက်ဖေါ်ပြပါ မြို့များရှိ မြေ၏ပိုင်ဆိုင်ခွင့်ကို မှတ်ပုံတင်ရန်တင်သွင်းသည့် စာချုပ်စာတမ်းအမှတ်အသားမှတစ်ပါး အခြားနည်းဖြင့်လွှဲပြောင်းပေးသည့်အခါတိုင်း လွှဲပြောင်းပေးသူ နှင့် လွှဲပြောင်းလက်ခံသူတို့သည် မြေလက်ရှိဖြစ်မှုအား လွှဲပြောင်းသည့်အကြောင်းကို လွှဲပြောင်းလက်ခံသူ လက်ဝယ်သို့ရယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်တော်အရာရှိထံ တင်ပြအသိပေးရမည်။

31. Whenever any person acquires possession of land in any such town as aforesaid otherwise than by transfer or assignment from the person previously in possession of such land, he shall, within thirty days from the date on which he enters into possession, give notice to the Revenue Officer of the change in possession and of the right under which he claims possession.

၃၁။ အထက်ဖေါ်ပြပါ မြို့များရှိမြေတစ်စုံတစ်ရာကို တစ်ဦးတစ်ယောက်သောသူက မူလလက်ရှိဖြစ်သူထံမှ လွှဲပြောင်းရယူခြင်းမှအပ၊ အခြားနည်းဖြင့် လက်ဝယ်ရယူသည့်အခါတိုင်း၊ မြေလက်ရှိဖြစ်ခြင်းကိုလွှဲပြောင်းယူကြောင်း နှင့် မည်သည့်အကျိုးခံစားခွင့်များကို လက်ဝယ်ရထိုက်ကြောင်းကို လွှဲပြောင်းရယူသူသည် ထိုကဲ့သို့ လက်ဝယ်ရယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်တော်အရာရှိထံ တင်ပြအသိပေးရမည်။

32. The Revenue Officer may, in any case before altering the roll of town lands, make a summary inquiry into the circumstances of any alleged transfer, devolution of title, or acquisition of possession of any land, and may refuse to enter the name of any person on the roll as being in possession of any

land until he shall have been declared by the decree of a competent civil Court to be entitled to possession thereof.

၃၂။ မည်သည့်အမှုတွင် မဆို မြို့မြေစာရင်းတွင် ပြုပြင်မှုမပြုမီ မြေတစ်စုံတစ်ရာကို လွှဲပြောင်းပေးအပ်သည် ဟူသောအချက်၊ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးသည် ဟူသည့်အချက်၊ သို့မဟုတ် လက်ဝယ်ရယူသည် ဟူသည့် အချက်တို့နှင့်သက်ဆိုင်သည့် အကြောင်းချင်းရာများနှင့်စပ်လျဉ်း၍ အခွန်တော်အရာရှိက အကျဉ်းနည်းဖြင့် စစ်မေးပြီးလျှင်၊ မြေကို လက်ဝယ်ရထိုက်ပိုင်ခွင့်ရှိကြောင်းအတွက် အခွင့်အာဏာရှိသောတရားမရုံးက ဒီကရီ စီရင် ချက်မချမီ ကာလအတွင်း မည်သူ့ကိုမျှ မြေကို လက်ရှိဖြစ်သူအနေနှင့် မြို့မြေစာရင်းတွင် မထည့်သွင်းပေးကြောင်း ငြင်းဆိုပိုင်ခွင့် ရှိသည်။

33. Whoever, being bound by section 30 or section 31 to give notice to the Revenue Officer of a change in possession, shall fail to give such notice within the time prescribed therefore, shall be liable to such line, not exceeding one hundred rupees, as the Revenue Officer may impose.

၃၃။မည်သူမဆို လက်ဝယ်ရှိမှုကို လွှဲပြောင်းသည့်အကြောင်းကို ပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၁ အရဖြစ်စေ အခွန်တော်အရာရှိထံ ပြဋ္ဌာန်းသတ်မှတ်ထားသည့်အချိန်ကာလအတွင်း တင်ပြအစီရင်ခံရန်ပျက်ကွက်ပါက ထိုသူအား အခွန်တော်အရာရှိက ချမှတ်သော ကျပ် ၁၀၀ ထက်မပိုသည့် ငွေဒဏ် ပေးဆောင်စေရမည်။

34. The Revenue Officer may- at any time hold a summary inquiry in Order to ascertain who is in fact in possession of any land, and may enter in the roll of town lands the name of the person whom he finds to be in possession.

၃၄။မြေတစ်စုံတစ်ရာကို မည်သူက လက်ရှိဖြစ်သူအမှန်ဖြစ်ကြောင်း သိရှိနိုင်ရန် အခွန်တော်အရာရှိသည် မည်သည့်အချိန်တွင်မဆို အကျဉ်းနည်းဖြင့်စစ်မေး၍ လက်ရှိဖြစ်ကြောင်း ထင်ရှားသူ၏ အမည်ကို မြို့မြေစာရင်းတွင် ထည့်သွင်းမှတ်သားခွင့်ရှိသည်။

35. An entry in the roll of town lands of the name of any person as being in possession of any land shall be presumptive evidence that such person was, or is, in possession of the land, as the case may be.

၃၅။မြေတစ်စုံတစ်ရာ၏ လက်ရှိဖြစ်သူအဖြစ် မြို့မြေစာရင်းတွင် အမည်ရေးသွင်းချက်သည် ထိုသူသည် အဆိုပါ မြေကို လက်ရှိဖြစ်ခဲ့ကြောင်း သို့မဟုတ် လက်ရှိဖြစ်သူဖြစ်ကြောင်း မှတ်ယူရမည့် သက်သေခံချက် ဖြစ်စေရမည်။

36. (1) The person whose name is for the time being entered in the roll of town lands as being in possession of any land shall be liable to pay all revenue, taxes, rent and other Government demands in respect of such land, whether he is in fact in possession of such land or not;

(2) Nothing in this section, shall be taken to exempt from liability any other person who under this Act or under any other enactment for the time being in force may be liable to pay any such revenue, taxes, rent or other demand.

၃၆။(၁) မြေတစ်စုံတစ်ရာကို လက်ရှိဖြစ်သူအဖြစ် မြို့မြေစာရင်းတွင် အမည်ရေးသွင်းထားရှိသူသည် ထိုမြေကို လက်ရှိဖြစ်နေသူ အမှန်ဖြစ်သည်ဖြစ်စေ၊ မမှန်ဖြစ်သည်ဖြစ်စေ ထိုမြေနှင့်စပ်လျဉ်းသည့် မြေခွန်တော်များ၊ အခွန်အကောက်များ၊ ငှားရမ်းခများ နှင့် အစိုးရကကောက်ခံသည့် အခြားကြေးငွေများကို ထမ်းဆောင်ရန် တာဝန်ရှိစေရမည်။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲအက်ဥပဒေတစ်စုံတစ်ရာအရဖြစ်စေ အထက်ဖော်ပြပါ မြေခွန်တော်များ၊ အခွန်အကောက်များ၊ ငှားရမ်းခများ နှင့် အစိုးရကကောက်ခံသည့် အခြားကြေးငွေများကို ထမ်း

ဆောင်ရန် တာဝန်ရှိသူ မည်သူမဆို ထိုကဲ့သို့တာဝန်ရှိကြောင်းမှကင်းလွတ်စေကြောင်းကို ဤပုဒ်မပါမည်သည့် အချက်ကိုမျှ မှတ်ယူခြင်း မရှိစေရ။

37. Nothing in this Chapter shall apply to land held from the Government on a lease from month to month or under a tenancy determinable at will.

၃၇။ ဤအခန်းပါ မည်သည့်ပြဋ္ဌာန်းချက်မဆို အစိုးရထံ တစ်လပြီးတစ်လ အငှားယူ၍ ဖြစ်စေ၊ အလိုရှိသည့်အချိန်တွင် မဆို ရပ်စဲပိုင်ခွင့်ရှိသည့် ငှားရမ်းမှုဖြင့် ဖြစ်စေ လက်ရှိဖြစ်နေသည့်မြေများနှင့် သက်ဆိုင်မှု မရှိစေရ။

## CHAPTER IX
## MISCELLANEOUS
## အခန်း(၉)
## အထွေထွေ

38. (1) A Revenue Officer may summon any person whose attendance he considers necessary for the purpose of any business before him as a Revenue Officer. Such summons shall be issued and served in accordance with the provisions of the Code of Civil Procedure regarding the service of summonses.

(2) Every person so summoned shall be bound to appear at the time and place mentioned in the summons in person or, if the summons so allows, by his recognized agent or legal practitioner.

(3) In addition to the powers conferred by this section, the President of the Union may invest any Revenue Officer with any power exercised by a civil Court in the trial of suits for the purpose of all or any particular classes of cases coming before such Revenue Officer.

၃၈။(၁) အခွန်တော်အရာရှိတစ်ဦးသည် အခွန်တော်အရာရှိအဖြစ် မိမိလက်ဝယ်သို့ရောက်ရှိသည့် မှုခင်းတစ်စုံတစ်ရာ အတွက် လာရောက်ရန်သင့်လျော်သည်ဟုထင်မြင်သူ မည်သူ့ကိုမဆို ဆင့်ခေါ်သမ္မာန်စာချ၍ ဆင့်ဆိုခွင့်ရှိသည်။ ထိုကဲ့သို့ဆင့်ခေါ်သည့် သမ္မာန်စာကို တရားမကျင့်ထုံးဥပဒေတွင် ဖော်ပြပါရှိသည့် သမ္မာန်စာချရန်ပြဋ္ဌာန်းချက် များနှင့်အညီ ဆောင်ရွက်ရမည်။

(၂) ထိုကဲ့သို့ သမ္မာန်စာချအပ်ခြင်းခံရသူမည်သူမဆို သမ္မာန်စာတွင် ဖော်ပြပါရှိသည့်အချိန်တွင် သတ်မှတ်သည့် နေရာသို့ ယင်းကိုယ်တိုင်ဖြစ်စေ၊ သမ္မာန်စာတွင်ခွင့်ပြုချက်ပါရှိပါက ယင်း၏တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ယင်း၏ရှေ့နေ ဖြစ်စေ လာရောက်ရန်တာဝန်ရှိသည်။

(၃) ဤပုဒ်မအရ အပ်နှင်းသော အခွင့်အာဏာများအပြင် တရားမတရားရုံးတစ်စုံတစ်ရာကစစ်ဆေးစီရင်ရာတွင် ကျင့်သုံးခွင့်ရသည့် မည်သည့်အခွင့်အာဏာကိုမဆို မိမိရှေ့မှောက်ရှိမှုခင်းများအလို့ငှာဖြစ်စေ၊ သီးခြားမှုခင်း တစ်စုံတစ်ရာအလို့ငှာဖြစ်စေ၊ သတ်မှတ်အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရမှုခင်းများအလို့ငှာဖြစ်စေ မည် သည့် အခွန်တော်အရာရှိသို့မဆို အခွင့်အာဏာများ အပ်နှင်းပိုင်ခွင့်ရှိသည်။

38A. Every person attending in obedience to a summons issued by a Revenue Officer, and every applicant or other person appearing before a Revenue Officer, shall be bound to state the truth upon any matter respecting which he is examined or makes statements, and to produce such documents and other things relating to any such matter as the Revenue Officer may require.

၃၈-က။ အခွန်တော်အရာရှိကထုတ်ဆင့်သည့် သမ္မာန်စာအရ လာရောက်ရသူမည်သူမဆို နှင့် အဆိုပြုလျှောက်လွှာ တင်သွင်းသူ သို့မဟုတ် အခြားသူမည်သူမဆို မိမိကိုစစ်မေးသည့် သို့မဟုတ် မိမိထွက်ဆိုအစစ်ဆေးခံသည့် မည်သည့် မှုခင်းတွင်မဆို မှန်ကန်စွာထွက်ဆို အစစ်ဆေးခံရန် တာဝန်ရှိသည်။ ထို့အပြင် ဖော်ပြပါမှုခင်းများနှင့်စပ်လျဉ်း၍ အခွန်တော်အရာရှိက တင်ပြရန်ဆင့်ဆိုသည့် စာချုပ်စာတမ်းအပါအဝင် အခြားမည်သည့်အရာကိုမဆို တင်ပြရန်လည်း တာဝန်ရှိစေရမည်။

39. An appeal shall lie from the orders and decisions of Revenue Officers in respect of matters dealt with under this Act in such cases, to such officers and subject to such limitations as to time and such other conditions, as the President of the Union may, by rule, determine.

၃၉။ ဤအက်ဥပဒေအရ စီရင်ဆုံးဖြတ်သည့် မှုခင်းများတွင် အခွန်တော်အရာရှိတို့က ချမှတ်သည့် အမိန့်များ နှင့် စီရင်ဆုံးဖြတ်ချက်များကို အယူခံဝင်ရောက်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ထုတ်ပြန်သတ်မှတ်သည့် နည်းဥပဒေတွင်ဖော်ပြပါရှိသည့် အမှုများကို ကာလစည်းကမ်းသတ်နှင့်ပတ်သက်၍ သတ်မှတ်သည့်ကာလ နှင့် သတ်မှတ်သည့် စည်းကမ်းချက်များအရ သတ်မှတ်သည့် အခွန်တော်အရာရှိများထံ အယူခံဝင်ရောက်ခွင့် ရှိသည်။

*(နည်းဥပဒေများ အပိုဒ် ၇၅ တွင် ကြည့်ရန်)*

40. Notwithstanding that no appeal may lie to him, the Financial Commissioner may call for and revise the proceedings of any Revenue Officer in any case dealt with under this Act, and may pass such orders hereon, consistent with the provisions of this Act, as he may think fit.

၄၀။ ဘဏ္ဍာတော်မင်းကြီးထံသို့ အယူခံဝင်ရောက်ခွင့်မရှိသော်လည်း ဤအက်ဥပဒေအရ ဆောင်ရွက်စီရင်ဆုံးဖြတ်သည့် မည်သည့်အမှုတွင်မဆို အခွန်တော်အရာရှိတစ်ဦး စစ်ဆေးမေးမြန်းသည့်အမှုတွဲကို ဘဏ္ဍာတော်မင်းကြီးက ဆင့်ဆိုတောင်းယူပြင်ဆင်ပြီး ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သည်ဟု ထင်မြင်သည့် အမိန့်ကို ချမှတ်ခွင့် ရှိသည်။

41. No civil Court shall have jurisdiction to determine any matter which under this Act, is to be determined by the Revenue Officer.

၄၁။ ဤအက်ဥပဒေအရ အခွန်တော်အရာရှိက စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်မှုခင်းတစ်စုံတစ်ရာကို မည်သည့်တရားမ တရားရုံးကမျှ စီရင်ဆုံးဖြတ်ရန် အခွင့်အာဏာ မရှိစေရ။

42. The Financial Commissioner may, subject to the control of the President of the Union, make rules prescribing the forms of all rolls, registers notices and other documents to be used under this Act.

၄၂။ ဘဏ္ဍာတော်မင်းကြီးသည် နိုင်ငံတော်သမ္မတ ၏ အတည်ပြုချက်ဖြင့် ဤအက်ဥပဒေအရ အသုံးပြုရမည့် စာရင်းဇယားများ၊ မှတ်ပုံတင်ပုံစံများ၊ ကြေငြာချက်နို့တစ်စာပုံစံများ နှင့် အခြားစာချုပ်စာတမ်း အမှတ်အသားပုံစံများတို့ကို နည်းဥပဒေများတွင် ဖြည့်သွင်းဖော်ပြပိုင်ခွင့်ရှိသည်။

43. In addition to the rules concerning matters in respect of which the President of the Union is by section 17 expressly empowered to make rules the President of the Union may make rules to prescribe:

(a) the manner in which, and the period for which, notice of receipt of an application under section 12 shall be given by the Revenue Officer under section 13;

(b) the manner in which, and the period for which, notice of the Revenue Officer's proposal to cancel a declaration under section 14 shall be published;

(c) the particulars to be entered in the roll of town lands to be kept under section 28;

(d) the cases in which, the officers to whom, and the limitations and conditions subject to which, appeals shall lie from orders and decisions of Revenue Officers;

(e) the person or persons by whom, and the manner in which, anything required by this Act to be done and not therein specially provided for shall be done ; and

(i) generally, to carry out the provisions and objects of this Act.

၄၃။ နိုင်ငံတော်သမ္မတအား နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ပိုင်ခွင့်အခွင့်အာဏာကို ပုဒ်မ ၁၇ အရ အပ်နှင်းသည့် အကြောင်းအရာများနှင့်စပ်လျဉ်းသည့် နည်းဥပဒေများအပြင်၊ နိုင်ငံတော်သမ္မတသည် အောက်ပါအကြောင်းအရာများကို ပြဋ္ဌာန်းသတ်မှတ်ရန် နည်းဥပဒေများ ထုတ်ပြန်ပိုင်ခွင့်ရှိသည်-

(က) ပုဒ်မ ၁၂ အရ လျှောက်ထားချက်အားလက်ခံရှိကြောင်းကြေငြာချက်ကို အခွန်တော်အရာရှိက ပုဒ်မ ၁၃ အရ မည်သည့်နည်းလမ်းဖြင့် အချိန်ကာလမည်မျှသတ်မှတ်ကြော်ငြာရမည်ဖြစ်ကြောင်း။
*(နည်းဥပဒေများ အပိုဒ် ၁၊ ၂၊ ၄၊ ၅ နှင့် ပုဒ်မ ၄၄ ကိုကြည့်ရန်)*

(ခ) ပုဒ်မ ၁၄ အရ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကိုရုပ်သိမ်းရန် အခွန်တော်အရာရှိကရည်ရွယ်ကြောင်းကို မည်သည့် နည်းလမ်းဖြင့် အချိန်ကာလမည်မျှသတ်မှတ်ကြော်ငြာရမည်ဖြစ်ကြောင်း။
*(နည်းဥပဒေများ အပိုဒ် ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ပုဒ်မ ၄၄ ကိုကြည့်ရန်)*

(ဂ) ပုဒ်မ ၂၈ အရ ရေးသွင်းမှတ်သားရမည့် မြို့မြေစာရင်းတွင် မည်သည့်အကြောင်းအရာများကို ရေးသွင်း ပါရှိရမည်ဖြစ်ကြောင်း။

(ဃ) အခွန်တော်အရာရှိတို့ချမှတ်သည့် အမိန့် နှင့် စီရင်ဆုံးဖြတ်ချက်များကို မည်သည့်အမှုတွင် မည်သည့်အရာရှိထံသို့ မည်သည့်ကန့်ကွက်ချက်၊ မည်သည့်စည်းကမ်းချက်များအရ အယူခံခွင့်ရှိကြောင်း။
*(ဤပုဒ်မအရ သက်ဆိုင်သည့် နည်းဥပဒေများထုတ်ပြန်မှု မရှိသေးပါ။ မြို့မြေစာရင်းရေးသွင်းရန်အတွက် ညွှန်ကြားချက်များကို နောက်ဆက်တွဲ ၂ တွင် ကြည့်ရန်)*

(င) ဤအက်ဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည့် အမှုများ နှင့် အက်ဥပဒေတွင် ဖော်ပြပါရှိမှုမရှိသည့် အမှုများကို မည်သူတို့က မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(စ) ယေဘုယျအားဖြင့် ဤအက်ဥပဒေ ပြဋ္ဌာန်းချက် နှင့် ရည်ရွယ်ချက်များအတိုင်း အတည်ပြုရမည့်အကြောင်း။

43A. The President of the Union may, in making any rule under this Act, attach to the breach of it, in addition to any other consequences that may ensue from such breach, a punishment, on conviction before a Magistrate, not exceeding one month's imprisonment, or two hundred rupees fine or both.

၄၃-က။ နိုင်ငံတော်သမ္မတ က ဤအက်ဥပဒေအရ နည်းဥပဒေတစ်စုံတစ်ရာကို ပြဋ္ဌာန်းသည့်အခါ အဆိုပါနည်းဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါ ထိုက်သင့်စေရမည့် အခြားဖြစ်ဒဏ်များအပြင်၊ ရာဇဝတ်တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ တစ်လထက်မပိုသည့်ထောင်ဒဏ်ဖြစ်စေ၊ကျပ်နှစ်ရာထက်မပိုသည့်ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ကျခံစေရမည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

44. The power to make rules conferred on the President of the Union by section 17, section 28, and section 43, clauses (c), (d), (e) and (f). shall be subject to the condition on the rules being made after previous publication and the rules so made shall not take effect until after they have been published in the Gazette.

၄၄။ နည်းဥပဒေများထုတ်ပြန်ရန်အတွက် နိုင်ငံတော်သမ္မတအား ပုဒ်မ ၁၇၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၄၃ ပုဒ်မခွဲ(ဂ)၊(ဃ)၊(င) နှင့် (စ) တို့အရ အပ်နှင်းသည့်လုပ်ပိုင်ခွင့်မှာ၊ ထိုနည်းဥပဒေများကို ကြိုတင်ကြေငြာပြီးနောက်ပြဋ္ဌာန်းရမည်ဟူသည့် စည်းကမ်းသတ်မှတ်ချက်ကို အထောက်အထားပြုရမည့်အပြင်၊ ထိုကဲ့သို့ ပြဋ္ဌာန်းသတ်မှတ်သည့်နည်းဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေငြာခြင်းမပြုမီကာလအတွင်း အာဏာသက်ရောက်မှု မရှိစေရ။

45. No civil suit shall lie against any Revenue Officer in respect of anything done or purporting to have been done by him in good faith under the provisions of this Act.

၄၅။ ဤအက်ဥပဒေပြဋ္ဌာန်းချက်အရ ရိုးဖြောင့်သောသဘောဖြင့်ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်သည်ဟုယူဆရသည့် မည်သည့်ကိစ္စရပ်ကိုမဆို မည်သည့်တရားမတရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ။

**THE SCHEDULE**

[See Section 4, Clause(4)]

**Schedule Towns**

| | |
|---|---|
| Rangoon. | Bassein. |
| Moulmein. | Prome. |

Akyab.

**ဇယား**

[ပုဒ်မ ၄၊ ပုဒ်မခွဲ (၄) ကြည့်ရန်]

**ဇယားဝင်မြို့များ**

| | |
|---|---|
| ရန်ကုန်။ | ပုသိမ်။ |
| မော်လမြိုင်။ | ပြည်။ |

စစ်တွေ။

**ဘာသာပြန်ဆိုသူ ၏ အာဘော်**

၁။ အတတ်နိုင်ဆုံး ဖတ်ရန်လွယ်ကူသည့် ခေတ်အသုံးအနှုန်းများကို အနီးစပ်ဆုံးသုံးစွဲပါသည်။ သို့ရာတွင် မိမိနားစွဲ နေသော အချို့ခေတ်ဟောင်းဝေါဟာရများကို ထည့်သွင်းအသုံးပြုမိပါက တောင်းပန်ပါသည်။

၂။ မျိုးဆက်သစ်ဥပဒေသမားများအတွက် သော်လည်းကောင်း။ မြေယာဥပဒေများကို အသစ် ပြန်လည်ရေးဆွဲရန်အတွက် ကြိုးပမ်းနေသော ဥပဒေပညာရှင်များအတွက်လည်းကောင်း ကျောက်တစ်ခဲ သဲတစ်မှုန်မျှ အသုံးတည့်သည်ဆိုပါက ကျေနပ်ပါသည်။

၃။ ဆက်စပ် သိရှိရမည့် နည်းဥပဒေညွှန်ကြားချက်များပုံစံများကို ဆက်လက်တင်ပေးနိုင်ရန် ဆောင်ရွက်နေပါသည်။

၄။ အခမဲ့ ထပ်ဆင့်ဝေငှခြင်းကို ကျေးဇူးတင်ပါသည်။ သို့ရာတွင် ငွေကြေးဖြင့်ရောင်းချမှုကို ခွင့်မပြုပါ။

၅။ ဝေဖန်အကြံပြုချက်များကိုလည်း ကြိုဆိုနေပါသည်။

မောင်မောင်ညွန့်
အထွေထွေအုပ်ချုပ်ရေး(အငြိမ်းစား)